စာပေဗိမာန်စာမူဆုရ

လော်ဝေါ် ရိုးရာယဉ်ကျေးမှုဝတ္ထုများ

မြတ်ဝေတိုး ၊ဗညာရေးတက္ကသိုလ်၊

design: Khin Kyi Phyu Mg

စာရေးသူ၏ အမှာ

စာရေးသူသည် ကချင်ပြည်နယ်အတွင်း အမှုထမ်းဘဝဖြင့် တာဝန်ထမ်းဆောင်စဉ် ကချင် တိုင်းရင်းသားများ နှင့် ရင်းနှီးကျွမ်းဝင်မှုရှိခဲ့သည် ။ အထူးသဖြင့် လော်ဝေါ်တိုင်းရင်းသားများ နှင့် ပို၍ ရင်းနှီးကျွမ်းဝင်မှုရှိသည် ။ အကြောင်းမှာ စာရေးသူ တာဝန်ထမ်းဆောင်ရာဌာန၊ နေထိုင်ရာပတ်ဝန်း ကျင်သည် လော်ဝေါ်တိုင်းရင်းများ သာ များ ပြားနေရာ ၎င်းတို့ နှင့်ဆက်ဆံမှုပြုရသည် က ပိုများ သော ကြောင့်ဖြစ်သည် ။

ထိုသို့ ဆက်ဆံမှုများ ပြားလာသောအခါ ၎င်းတို့ ၏ အသံအောအော လေးများ ဖြင့် ပြောဆိုသော စကားသံများ သည် လည်းကောင်း၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ သည် လည်းကောင်း၊ စာရေးသူ အတွက် အမှတ်ရစရာ ဖြစ်လာခဲ့သည် ။ ၎င်းပြင် လော်ဝေါ်များ သည် ရှေးဦးမြန်မာအုပ်စုဝင်များ ဖြစ်ရာ ၎င်းတို့ ၏ ရုပ်လက္ခဏာ၊ ပြောဆိုသော ဘာသာစကား၊ မျိုးနွယ်စု ဆင်းသက်လာမှုများမှာ လည်း ဗမာများ နှင့် နီးစပ်မှုရှိနေသည် ကို မြန်မာ့သမိုင်းမှတ်တမ်းများ အရ လေ့လာသိရှိရသည် ။ ထို့ကြောင့်လည်း လော်ဝေါ်သွေးချင်းများ ၏ မျိုးနွယ်စုများ အကြောင်းကို စာရေးသူ စိတ်ဝင်စားမိ၊ အလေးအနက်ထားမိရာမှ လေ့လာလိုစိတ် ဖြစ်ပေါ်ခဲ့သည် ။

လော်ဝေါ်သွေးချင်းများ ၏ မျိုးနွယ်စုများ အကြောင်းကို လေ့လာသည့်အခါ သက်ကြီးရွယ်အို များကိုသာ အားကိုးအားထားပြုရသည် ။

သို့ဖြစ်၍ လော်ဝေါ်မျိုးနွယ်စုတို့ ၏ သမိုင်းမှာ လော်ဝေါ် တိုင်းရင်းသား အဘိုးအဘွားများ ၏ အကြားအမြင် ဗဟု သုတများ ပေါ်တွင် အခြေခံလျက်ရှိသည် ။ လော်ဝေါ်များ သည် မိမိတို့ မျိုးနွယ်စုဆင်းသက်လာပုံကို ဘိုးဘွားအစဉ်အဆက် နှုတ်တိုက်သမိုင်း (သို့မဟုတ်) ပါးစပ်ရာဇဝင်ဖြင့် မှတ်သားလာခဲ့ကြသည် မှာ အံ့သြဖွယ်ဖြစ်ပေသည် ။ မိမိတို့ မျိုးနွယ် များ ဆင်းသက်လာပုံ၊ မိသားစုဖွဲ့စည်းနေထိုင်ပုံ၊ ဆွေမျိုးတော်စပ်ပုံ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ရိုးရာ တူရိယာများ ၊ ရိုးရာတေးသီချင်းများ ၊ ရိုးရာအကများ ၊ ရိုးရာပွဲတော်များ နှင့် အသက်မွေးဝမ်းကျောင်း ပြုပုံများ သည် လည်း စိတ်ဝင်စားဖွယ် ဖြစ်သည် ။

ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့ သည် ကိုယ်ပိုင်ယဉ်ကျေးမှုများ ရှိကြသည် သာ ဖြစ်သည် ။ မိမိတို့ တိုင်းရင်းသားမျိုးနွယ်များ ၏ ယဉ်ကျေးမှုကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသည် မှာ ကောင်းမြတ်သော အစဉ်အလာ ပင်ဖြစ်သည် ။ လော်ဝေါ်တို့ သည် ရှေးယခင်က နတ်စားဘာသာဝင်များ ဖြစ်ခဲ့ကြသော်လည်း ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာသည့် နောက်တွင် ရှေးယခင်က အယူအဆ အတွေးအခေါ်ဟောင်းများမှ စွန့်လွှတ်သင့်သည် ကို စွန့်လွှတ်ခဲ့ ကြသည် ။ ခေတ်နှင့်အညီ အတွေးအခေါ်၊ အသိအမြင်များ တိုးတက်မြင့်မားလာသည် ဖြစ်ရာ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကိုလည်း ခေတ်နှင့်အညီ အသစ်တီထွင်ဖော်ထုတ်ကြသည် များ ရှိသည် ။ ထို့ကြောင့် လော်ဝေါ်တို့ ၏ ရိုးရာယဉ်ကျေးမှုများမှာ ရှေးရိုးရာယဉ်ကျေးမှုများ နှင့် ခေတ်နှင့်အညီ ပြောင်းလဲလာသော ယဉ်ကျေးမှုများ ဟူ၍ တွေ့ရှိနိုင်သည် ။

ယနေ့ခေတ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်ထောင်စုဖွား တိုင်း ရင်းသားများ စည်းလုံးညီညွတ်မှုရကြပြီး၊ ငြိမ်း

ချမ်းရေးပန်းများ ပွင့်လန်းဖြာဝေနေသည့် အချိန်ဖြစ် သည် ။ နိုင်ငံတော် အစိုးရမှ နယ်စပ်ဒေသများ ၊ နယ်စပ်ဒေသနေ တိုင်းရင်းသားများ ၏ ဖွံ့ဖြိုးတိုးတက် ရေးကို ဆောင်ရွက်ပေးနေသည် ဖြစ်ရာ တစ်နေရာနှင့် တစ်နေရာ လမ်းပန်းဆက်သွယ်မှု လွယ်ကူလာ ခြင်း၊ စီးပွားရေး၊ လူမှု ရေး၊ ဒေသဖွံ့ဖြိုးရေးများကိုလည်း အေးချမ်းစွာ လုပ်ကိုင်နိုင်ခြင်းများကြောင့် တိုင်းရင်းသားများ ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာသည့်အပြင် ယဉ်ကျေးမှုဓလေ့ထုံးစံများ ပါ တိုးတက်ပြောင်းလဲလာခဲ့ပါသည် ။

ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ သည် လူမျိုးတစ်မျိုးကို ပြုစုပျိုးထောင်ပေးနိုင်သကဲ့သို့ တိုင်းရင်းသားစည်းလုံးရေးကိုလည်း အထောက်အကူပြုနိုင်ပေသည် ။ နိုင်ငံတော်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက်ရှိပါသည် ။ နိုင်ငံတော်ကိုချစ်ခြင်း၊ ပြည်ထောင်စုကိုချစ်ခြင်း ဟူသည့် နိုင်ငံချစ်စိတ်သည် ပြည်ထောင်စုမပြိုကွဲရေးအတွက် အရင်းခံ စိတ်ဓာတ်ဖြစ်ပါသည် ။ ထို့အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးသည် လည်း အဓိက ကျပေသည် ။ ရှေးပဝေသဏီကပင် တိုင်းရင်းသားမျိုးနွယ်များ ပေါင်းစည်းယှက်နွယ် မေတ္တာမပြယ်ရှိ ခဲ့သော စုစည်းခြင်း၊ လက်တွဲခြင်းသဘောသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ် ကြောင့်ပင်ဖြစ်သည် ။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိပါမှ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ရပ်တည်နိုင်မည်ဖြစ်သည် ။ ထိုသို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာတွင် တိုင်းရင်းသား မျိုးနွယ်တစ်မျိုးစီ ၏ ရိုးရာယဉ်ကျေးမှုကို

ကျန်တိုင်းရင်းသားများ အနေဖြင့် နားလည်သဘောပေါက်မည်ဆိုပါက အချင်းချင်းဆက်ဆံမှု ပြေပြစ်ပြီး ရင်းနှီးချစ်ကြည်မှုကိုလည်း ရရှိစေမည်ဖြစ်သည် ။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ရရှိရန်နှင့် ချစ်ကြည်ရင်းနှီးမှုရှိရန်မှာ တိုင်းရင်းသားအချင်းချင်း ရိုးရာယဉ်ကျေး မှုကို နားလည်သဘောပေါက်မှု ရှိရန်လည်း လိုအပ်ပေသေးသည် ။ ယဉ်ကျေးမှုကွယ်ပျောက်လျှင် လူမျိုးပါ ပျောက်တတ်သည် ဖြစ်ရာ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း ၏ တာဝန်ဖြစ်ပေသည် ။

လော်ဝေါ်သွေးချင်းများကို "မရူး"ဟူ၍ သာ လူသိများကြသည် ။ အမှန်စင်စစ် လော်ဝေါ်တို့ မြန်မာနိုင်ငံအတွင်း စတင်နေထိုင်စဉ်ကပင် " လော်ဝေါ်"ဟူသော အမည်ကို သုံးစွဲခေါ်ဝေါ်ခဲ့ခြင်းဖြစ် သည် ။ လော်ဝေါ်ကို "မရူး"ဟူ၍ အခေါ်မှား၊ အရေးမှား၊ အသုံးမှားနေကြသည် ကို လော်ဝေါ်သွေး ချင်းများက နှစ်သက်ခြင်းမရှိကြချေ။ သို့ဖြစ်၍ လော်ဝေါ်ဟူသော မူလအမည်ကိုသာ သုံးစွဲသင့် ကြောင်းနှင့် "မရူး"ဟူ၍ ခေါ်ဆိုခြင်း မပြုကြစေလိုသည် မှာ လည်း လော်ဝေါ်တိုင်းရင်းသားတို့ ၏ အခြေခံစိတ်ဓာတ်ပင်ဖြစ်သည် ။ ထို့ကြောင့် တိုင်းရင်းသားတစ်မျိုးစီ၏ မူလအခေါ်အဝေါ် အသုံး အနှုန်း၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကျန်တိုင်းရင်းသားများ အားလုံးတို့ က အသိအမှတ်ပြု ရမည်၊ အလေးထားရမည်သာဖြစ်သည် ။

လော်ဝေါ်တိုင်းရင်းသားများ ရှေးဦးအစ နေထိုင်ခဲ့ရာ ဆော့လော်မြို့နယ်၊ ချောင်ဒယ်ရွာနှင့် ငယော်ရွာများ ၊ ပရဲရုပ်လော့ကြိုးတံတားတည်ရှိရာ ပရဲရွာနှင့် ဝဆယ်ရွာများ ၊ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဖြစ်ပွားခဲ့သည့် ထော့လန်ရွာနှင့် ငေါ့ချန်းခမြစ်၊ မေခမြစ်ဝှမ်းဒေသများ ၊ ချီဖွေမြို့နယ်

ယ်အတွင်း ရှိ လောခေါင်ရွာ၊ လော်ဝေါ်သွေးချင်းတို့ နေထိုင်ခဲ့ရာ ရှန်းဘန်တောင်ရှိ လဗျူလိုဏ်ဂူနှင့် ဆွမ်းပန် ခုံးရွာဟောင်းရှိ လင်းနို့ဂူခေါ် သဘာဝကျောက်ဂူကြီးများကိုလည်း သွားရောက်လေ့လာခဲ့သည် ။ ထို့ပြင် လော်ဝေါ်တို့ ပျံ့နှံ့နေထိုင်ကြသည့် မြစ်ကြီးနား၊ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော်၊ ဖားကန့်၊ မိုး ကောင်းနှင့် ဆွမ်ပရာဘွမ်မြို့နယ်များ သို့လည်း သွားရောက် လေ့လာခဲ့သည် ။

လော်ဝေါ်သွေးချင်းများ ၏ မျိုးနွယ်စုများ ဆင်းသက်လာပုံမှ အစ ရိုးရာယဉ်ကျေးမှု ဓလေ့ ထုံးတမ်းစဉ်လာ စရိုက်လက္ခဏာများအား စာရေးသူ အချိန်ကာလကြာမြင့်စွာ လေ့လာခဲ့သမျှ ရှာဖွေ စုဆောင်းခဲ့သမျှကို " လော်ဝေါ်ရိုးရာယဉ်ကျေးမှုဓလေ့များ " ဟူ၍ စာအုပ်တစ်အုပ် ရေးသားခဲ့ပါ သည် ။ ဤစာအုပ်တွင် မနုဿဗေဒအဆို၊ သမိုင်းအမြင်၊ ဘာသာစကားရှုထောင့်များ ဖြင့် ရေးသားပြု စုထားပါသည် ။

ဤကဲ့သို့ ရေးသားပြုစုရာတွင် တတ်အားသည့်ဘက်မှ အကူအညီပေးခဲ့ကြသော သက်ဆိုင် ရာ မြို့နယ်အသီးသီးရှိ လော်ဝေါ်စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ သိက္ခာတော် ရဆရာကြီးများ ၊ အသင်းအုပ်၊ အသင်းထောက်နှင့် ဓမ္မဆရာများ ၊ မြန်မာနိုင်ငံလော်ဝေါ်နှစ်ခြင်း ခရစ်ယာန်အသင်းချုပ်ရုံးမှ ကော်မတီလူကြီးများ ၊ လော်ဝေါ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များကို ကျေးဇူးတင်ရှိပါသည် ။

အထူးသဖြင့် လော်ဝေါ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီလူကြီးများ ၊ ဆော့လော်မြို့နယ်မှ မိတ်ဆွေဦးထွန်းဦး (ယခင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ)၊ ချီဖွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးဂျီခေါယိန်း၊ ဝိုင်း

မော်မြို့မှ ဆရာကြီးဦးလူကာလဟု နာမည်ကြီးလွမ်းတို့ အား ကျေးဇူးတင်ရှိပါကြောင်းကိုလည်း မှတ်တမ်းတင် အပ်ပါသည် ။

စာရေးသူ ရေးသားပြုစုထားသော ဤ "လော်ဝေါ်ရိုးရာယဉ်ကျေးမှုမလေ့များ " စာအုပ်သည် စာဖတ်သူများ အတွက် လော်ဝေါ်တိုင်းရင်းသားများ နှင့်ပတ်သက်သော ဗဟု သုတအဖြာဖြာကို ပေးစွမ်းနိုင်လိမ့်မည်၊ တစ်ထောင့်တစ်နေရာမှ အကျိုးပြုလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိသည် ။ ဤသို့ ယုံကြည်မျှော်လင့်သည့်အတိုင်း "လော်ဝေါ်ရိုးရာ ယဉ်ကျေးမှုမလေ့များ " စာအုပ်သည် စာဖတ်သူများကို အကျိုးပြုပါက စာရေးသူအနေဖြင့် ဤစာအုပ်ကို ရေးသားပြုစုရကျိုးနပ်ပြီဟု ဆိုချင်ပါသည် ။

မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)

ရက်စွဲ။ ၁၁-၁၁-၂၀၁၁

***